# မြန်မာနိုင်ငံ[၁]

၂၀၀၀ခုနှစ် မေလမှစ၍ အဓိကဖြစ်ထွန်းမှုများ– အစိုးရစစ်တပ်နှင့် အနည်းဆုံး တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ (၁၁)ဖွဲ့သည် လူကိုထိခိုက်စေသောမိုင်း အရေအတွက် အတော်များများကို ဆက်လက်ထောင်နေဆဲဖြစ်သည်။ ၎င်းတို့၏နိုင်ငံ နယ်နိမိတ်အတွင်း မြန်မာစစ်တပ်က မိုင်းပုံးများ လာရောက်အသုံးပြုခြင်းကြောင့် ဘင်္ဂလားဒေ့ရှနှင့် ထိုင်းနိုင်ငံ အစိုးရများက ကန့်ကွက်ခဲ့ကြသည်။ သစ်ခိုးထုတ်သူများ၊ မူးယစ်ဆေးဝါး ကုန်ကူးသူများ၊ အစိုးရစစ်တပ်နှင့် သူပုန်တပ်ဖွဲ့များ၏ညွှန်ကြားချက်များအရ မိုင်းများကို အသုံးပြုနေသည်ဆိုသော စိတ်ပျက်ဖွယ် သတင်းများ ထွက်ပေါ်နေသည်။

## မိုင်းဗုံးတားဆီးရေးပေါ်လစီ

မြန်မာနိုင်ငံစစ်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နယက) သည် မိုင်းဗုံးတားဆီးရေး သဘောတူစာချုပ်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းမရှိသေးပါ။ လူကိုထိခိုက်စေသော မိုင်းဗုံးတားဆီးရေး အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တရပ် ပေါ်ထွန်းလာရေး ထိထိရောက်ရောက် ဝိုင်းဝန်းဆောင်ရွက်ကြရန် အစိုးရအသီးသီးကို တောင်းဆိုထားသည့် ၁၉၉၆ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ ဆုံးဖြတ်ချက်ကို ထောက်ခံမဲပေးခဲ့ပြီးချိန်မှစ၍ မြေမြှုပ်မိုင်းတားဆီးရေး သဘောတူစာချုပ်ကို ထောက်ခံသည့် ၂၀၀၀ပြည့်နှစ် နိုဝင်ဘာလ ဆုံးဖြတ်ချက်အပါအဝင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် မြန်မာနိုင်ငံက မဲမပေးပဲ နေခဲ့သည်။ ၁၉၉၉ ခုနှစ်မှစ၍ မိုင်းဗုံးတာဆီးရေး အစည်းအဝေးများတွင် မြန်မာနိုင်ငံ ပါဝင်ခြင်း မပြုတော့ပေ။

---

[၁] လက်ရှိအစိုးရအာဏာကိုထိမ်းချုပ်ထားသော စစ်အစိုးရသည် နိုင်ငံ၏အမည်ကို Burma မှ Myanmer မြန်မာအဖြစ်သို့ပြောင်းလဲခဲ့သည်။ တိုင်းပြည်အတွင်းရှိ တိုင်းရင်းသားအဖွဲ့အစည်းများက Burma ဟူသောအမည်ကို ဆက်လက်အသုံးပြုနေကြသေးသည်။ ဤအစီရင်ခံစာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒနှင့် အကောင်အထည်ဖော်မှုများအပိုင်းကိုရည်ညွှန်းရန် လိုအပ်သောအခါများတွင် Myanmer ဟူသောအမည်ကိုသုံး၍ အခြားကိစ္စများအတွက် Burma ဟူသောအမည်ကို အသုံးပြုသွားမည်။

## ထုတ်လုပ်မှု၊ လွှဲပြောင်းမှု၊ သိုလှောင်ထားမှု –– အစိုးရ

မြန်မာ့ ကာကွယ်ရေးပစ္စည်းစက်ရုံ (ကပစ)မှ MM1 အမျိုးအစားမိုင်း၊ MM2 အမျိုးအစားပေါက်ကွဲမိုင်းနှင့် ကလေမိုးအမျိုးအစား ဖြာထွက်ပေါက်ကွဲမိုင်းများ ထုတ်လုပ်လျက်ရှိသည်။[၂] ဝါယာတက်နင်းမိလျှင် ပေါက်ကွဲအောင်စီမံထားသည့် စနစ်ဖြင့် ဖြာထွက်ပေါက်ကွဲမိုင်းကို တည်ဆောက်ထားကြောင်း ချင်းပြည်နယ်ပြည်သူများက ရှင်းပြကြသည်။[၃] မြန်မာအစိုးရက နိုင်ငံခြားတိုင်းပြည်များကို မိုင်းတင်ပို့ရောင်းချနေသော သက်သေအထောက်အထားများ မတွေ့ပေ။ လတ်တလောမဟုတ်လျှင်တောင် အတိတ်ကာလက နိုင်ငံခြားတိုင်းပြည်များမှ တင်သွင်းလာသည်ဟု ယူဆရသော မိုင်းအမျိုးအစား မျိုးစုံကို မြန်မာနိုင်ငံတွင် တွေ့နေရဆဲဖြစ်သည်။ ထိုမိုင်းများတွင် တရုတ်၊ အစ္စရေး၊ အီတလီ၊ ရုရှား၊ အမေရိကန်ပြည်ထောင်စုလုပ် မိုင်းများနှင့် အတိအကျ သတ်မှတ်ခြင်းမပြုနိုင်သော လူကိုထိခိုက်စေသည့် အခြားအမျိုးအစား မိုင်းများ ပါဝင်သည်။[၄] မြန်မာနိုင်ငံ၌ သိုလှောင်ထားသော မိုင်းအရေအတွက်၊ အမျိုးအစားတို့နှင့်ပတ်သက်သည့် စာရင်းကိန်းဂဏန်းများကို နယက သော်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနသော်လည်းကောင်း ထုတ်ပြန်ကြေညာခြင်းမရှိပါ။

## အသုံးပြုမှု–– အစိုးရ

မြန်မာနိုင်ငံတွင် လူကိုထိခိုက်စေသော မိုင်းများ အသုံးပြုနေကြောင်း အစိုးရအရာရှိများက ဝန်ခံပြောကြားသော်လည်း၊ မဆင်မခြင်သုံးစွဲခြင်းမျိုးကားမဟုတ်ဟု ဆိုသည်။[၅] မြန်

[၂] David McCracken၊ မိုင်းနည်းပညာအကြံပေးအရာရှိ၊ Thai Mine Action Centre နှင့်တွေ့ဆုံမေးမြန်းခြင်း၊ အောက်တိုဘာလ၊ ၁၉၉၉ခုနှစ်။ ပိုမိုသိရှိလိုပါက မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၀ ပြည့်နှစ် အစီရင်ခံစာ၊ စာမျက်နှာ ၄၆၉ တွင်ရှု။

[၃] ချင်းဒုက္ခသည်များနှင့် ချင်းအမျိုးသားတပ်ဦး(CNF) တို့နှင့်တွေ့ဆုံမေးမြန်းခြင်း၊ အောက်တိုဘာလ ၂၀၀၀ပြည့်နှစ်။ ကရင်လူ့အခွင့်အရေးဖွဲ့ကထုတ်ပြန်သော ၂၀၀၀(က)အမည်ရှိ ဓါတ်ပုံစာတွဲ၊ အောက်တိုဘာလ ၁၈ ရက်၊ ၂၀၀၀ပြည့်နှစ်။

[၄] Moser-Puangsuwan&Selth၊ "မြန်မာနိုင်ငံမှလူမသိသောမိုင်းကွင်းများ"၊ *Jane's Intelligence Review*၊ အတွဲ ၁၂၊ အမှတ်စဉ် ၁၀၊ အောက်ဆိုဘာလ ၂၀၀၀ ပြည့်နှစ်။ Andrew Selt၊ "မြန်မာနိုင်ငံမှမြေမြှုပ်မိုင်းများ–စစ်ရေးအခင်းအကျင်းများ"။ လုပ်ငန်းတင်ပြချက်စာတမ်း၊ အမှတ်စဉ် ၃၅၂၊ Australian National University Strategic & Defense Studies Centre ၊ ကင်ဘာရာ၊ နိုဝင်ဘာလ ၂၀၀၀ ပြည့်နှစ်။

[၅] သံအမတ် ဦးတင်ဝင်းထံမှ အကြောင်းပြန်ကြားစာ၊ မြန်မာနိုင်ငံသံရုံး၊ Washington DC ၊ ဇူလိုင်လ ၁၆ ရက် ၁၉၉၉ခုနှစ်။ ရဲမင်းသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဧပြီလ၊ ၂၀၀၀ပြည့်နှစ်။ ကုလသမဂ္ဂဆိုင်ရာ မြန်မာသံကိုယ်စားလှယ်အဖွဲ့နှင့် ဆွေးနွေးခြင်းများ၊ နယူးယောက်မြို့၊ မတ်လ ၂၃ ရက်၊ ၂၀၀၁ ခုနှစ်။

မဲ့တပ်မတော်နှင့် နစက ခေါ်နယ်စပ်ကာကွယ်ရေးတပ်ဖွဲ့များ လူကိုထိခိုက်စေသော မိုင်းများကို ပမာဏကြီးကြီးမားမား အသုံးပြုနေဆဲဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနှင့် အိန္ဒိယနယ်စပ်ဒေသများနှင့် မြန်မာနိုင်ငံအတွင်း နယ်မြေအတော်များများတွင် မိုင်းများအသုံးပြုနေဆဲဖြစ်ကြောင်း ကြားသိရသည်။ မြန်မာစစ်တပ်များ နယ်စပ်ကျော်ဖြစ်ကာ ၎င်းတို့၏နိုင်ငံထဲတွင် မိုင်းထောင်နေကြောင်း ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းနိုင်ငံတို့က စွပ်စွဲထားသည်။

မြန်မာနယ်စပ်လုံခြုံရေးအဖွဲ့ နစက များထောင်ထားသော မိုင်းအန္တရာယ်ကို သတိပြုကြရန် နိုင်ငံသားများအား အကြံပေးထားသည့် စာတစောင်ကို ဘင်္ဂလားဒေ့ရှ် အစိုးရက ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း ထုတ်ပြန်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလမှစ၍ နစက များမိုင်းအသုံးပြုမှု မိုများလာကြောင်း ဘင်္ဂလားဒေ့ရှ်နယ် စပ်လုံခြုံရေးတပ်ဖွဲ့ (BDR)အရာရှိများက မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ကို ပြောကြားခဲ့သည်။[၆] ၂၀၀၀ ပြည့်နှစ်အတွင်း ထုတ်လုပ်သော မိုင်းများကိုလည်း BDR က သိမ်းဆီးရမိခဲ့သည်။[၇]

မိုင်းထောင်ခြင်း၊ မိုင်းဒဏ်ရာရသူများ တိုးပွါးလာခြင်းတို့ကြောင့် တင်းမာမှုများဖြစ်နေချိန်တွင် နှစ်နိုင်ငံနယ်စပ်လုံခြုံရေးတပ်ဖွဲ့များ အစည်းအဝေးကျင်းပခဲ့သည်။ မိုင်းထောင်နေမှုကို ဘင်္ဂလားဒေ့ရှ်ဘက်မှကန့်ကွက်ခဲ့ပြီး မိုင်းထောင်ခြင်းရပ်နားထားရန် တောင်းဆိုခဲ့သည်။ မိုင်းများဖယ်ရှားလာသည်အထိ ဘင်္ဂလားဒေ့ရှ်ဘက်မှတောင်းဆိုမှု ဆက်လက်ပြုလုပ်နေခဲ့သည်။[၈]

ထိုင်းနိုင်ငံအတွင်း၌ မိုင်းများထောင်နေကြောင်း ထိုင်းနိုင်ငံက မြန်မာစစ်တပ်များကို စွပ်စွဲခဲ့သည်။ နှစ်နိုင်ငံအကြား ဖြစ်နေခဲ့သော နယ်စပ်အငြင်းပွါးတင်းမာမှုများသည် နယ်မြေအစိတ်အပိုင်းလေးတခုအပေါ် အငြင်းပွါးကြယင်း ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလတွင်း ပေါက်ကွဲသည့်အဆင့်အထိ ရောက်ခဲ့ရသည်။ ထို့ပေါက်ကွဲမှုဖြစ်ပြီးနောက်ပိုင်းလများတွင် မြန်မာစစ်တပ်နှင့် နားလည်မှုယူထားသော ဝတပ်မတော်တို့ ထိုင်းနိုင်ငံအတွင်း မိုင်းများဆက်လက်ထောင်နေကြောင်း စွပ်စွဲချက်များရှိသည်။ ထိုမိုင်းထောင်မှုများနှင့်ပတ်သက်၍ ထိုင်းအစိုးရက မြန်မာနိုင်ငံကို အကြိမ်ကြိမ် ကန့်ကွက်ခဲ့သည်။[၉]

---

[၆] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၊ ဘင်္ဂလားဒေ့ရှ်ရုံးခွဲနှင့် နိုင်ကွန်ချန်ရီ၊ ဘန်ဒါရွန်မှ ဗိုလ်မှူးမာဇာဟာရူး–အစ္စလမ်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဒီဇင်ဘာလ ၁၈ ရက် ၂၀၀၀ ပြည့်နှစ်။

[၇] နိုင်ကွန်ချာရီ၊ ဘန်ဒါရွန်ရှိ BDR စခန်း၌ ထိုမိုင်းများက မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အရာရှိများ မြင်တွေ့ခဲ့ရပြီး ဓါတ်ပုံရိုက်ကူးခဲ့သည်။

[၈] နိုဝင်ဘာလ ၁၆၊ ၁၇ နှင့် ၃၀ ရက်နေ့ ၂၀၀၀ပြည့်နှစ်ထုတ် The Daily Star သတင်းစာ။ Mizza News Group၊ ဒက္ကာမြို့၊ အောက်တိုဘာလ ၂၂ ရက်၊ ၂၀၀၀ပြည့်နှစ်။

[၉] ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိနှင့် တွေ့ဆုံမေးမြန်းခန်း၊ Wassana Nanuam ရေးသားသော "မူးယစ်ဆေးဝါးစိုက်ပျိုးမှုကိုကာကွယ်ရန် ဝတပ်ဖွဲ့များတောင်ကုန်းကိုသိမ်းပိုက်" ဆောင်းပါး၊ ဘန်ကောက်ပို့(စ)၊ မေလ ၁၂ရက် ၂၀၀၁ခုနှစ်။

တပ်စိပ်တိုင်း တပ်စိပ်တိုင်း မြေမြှုပ်မိုင်း ခြောက်လုံးမှ ရှစ်လုံးအထိ သယ်ဆောင်လာကြကြောင်း နယက ၏ကရင်ပြည်နယ် စစ်ဆင်ရေးတွင် အသုံးချရန် ဖမ်းဆီးခေါ်ဆောင်လာခြင်းခံရသော ပေါ်တာများက ပြောပြကြသည်။ (ကရင်ပြည်နယ်အတွင်း အချိန်တိုင်းလိုလို တပ်စိပ်ပေါင်း ရာပေါင်းများစွာ ရှိနေတတ်သည်။)[၁၀]

၂၀၀၀ပြည့်နှစ်အတွင်း မြန်မာစစ်တပ်များ ထောင်ထားသည့် သိမ်းဆည်းရမိသောမိုင်းများကို ကရင်၊ ရခိုင်နှင့် ရှမ်းသူပုန်များက ခင်းကျင်းပြသခဲ့သည်။ ၂၀၀၀ပြည့်နှစ်အတွင်း ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးများအတွင်း သူပုန်တပ်ဖွဲ့များ နယက စစ်စခန်းများကို ဝင်ရောက်သိမ်းပိုက်စဉ် ထိုစခန်းများမှ သိမ်းဆည်းရရှိခဲ့သည့် မိုင်းများကို ပြသခဲ့သည်။[၁၁] မီဇိုရမ်အနီး အိန္ဒိယ မြန်မာနယ်စပ်တွင် ထောင်ထားသော မိုင်းများတက်နင်းမိပြီး ၂၀၀၀ ပြည့်နှစ်အတွင်း ချင်းပြည်နယ်တွင် အသေအပျောက်များရှိခဲ့ကြောင်း ချင်းဒုက္ခသည်များက ထုတ်ဖေါ်ပြောဆိုသည်။[၁၂]

ရန်သူဘက်မှ သိမ်းဆည်းရမိသောမိုင်းများကို ထိုင်းမြန်မာနယ်စပ်တွင် ပြန်လည်အသုံးချနိုင်ကြောင်း ညွှန်ကြားချက်ရှိသည်ဟု သူပုန်တပ်ဖွဲ့များ၏ ဖမ်းဆီးခြင်းခံခဲ့ရသော မြန်မာ့တပ်မတော် အရာရှိတဦးက ပြောပြသည်။[၁၃] ၁၉၉၆ခုနှစ်က မူးယစ်ဆေးဝါးဘုရင် ခွန်ဆာ သိုလှောင်ထားသောမိုင်းများကို သိမ်းဆည်းရမိသောအခါ ထိုမိုင်းများကို ထိုင်းနယ်စပ်တွင်ထောင်ရန် အသုံးပြုခဲ့ကြောင်းကိုလည်း ထိုအရာရှိက ထုတ်ဖေါ်ပြောဆိုသည်။

## ထုတ်လုပ်မှု၊ လွှဲပြောင်းပေးမှု၊ သိုလှောင်ထားမှု–တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပေါက်ကွဲမှုအဟုန်ဖြင့်တိုက်ခိုက်သောမိုင်းနှင့် ပေါက်ကွဲစေတတ်သော အရာအဖြစ်သို့ ပြောင်းလဲနိုင်သည့်ကရိယာတန်ဆာများ (IEDs)ထုတ်လုပ်နိုင်သည်ဟု ယုံကြည်ရသည်။ တချို့အဖွဲ့များမှာ ကလေမိုး–အမျိုးအစား

---

[၁၀] ကရင်ပြည်နယ်အတွင်း နေရာထိုင်ခင်းပျောက်နေသူများ ကူညီပေးရေးကော်မတီနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မဲဆောက်၊ ထိုင်းနိုင်ငံ၊ ဧပြီလ ၁၅ ရက်၊ ၂၀၀၁ ခုနှစ်။

[၁၁] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ ၂၀၀၀ ပြည့်နှစ်အတွင်း ပေးပို့ခဲ့သောဓါတ်ပုံ မှတ်တမ်းများ။ ကရင်ပြည်နယ်အတွင်း ထုတ်လုပ်သည်ဟုဖေါ်ပြထားသည့် မြန်မာစစ်တပ်မှသိမ်းဆည်းရမိသော မိုင်းများနှင့်ပတ်သက်၍ ကရင်လူ့အခွင့်အရေးအဖွဲ့၏ အစီရင်ခံတင်ပြချက်။

[၁၂] ချင်းအမျိုးသားတပ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဒေလီ၊ အိန္ဒိယနိုင်ငံ၊ အောက်တိုဘာလ ၂၀၀၀ ပြည့်နှစ်။

[၁၃] ဇန်နဝါရီလ ၂၀၀၀ ပြည့်နှစ်တွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တခုက ပြုလုပ်ခဲ့သော စစ်ဆေးမေးမြန်းချက်၊ ထိုစစ်ဆေးမေးမြန်းချက်အား မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ကို ၂၀၀၀ ပြည့်နှစ် နှစ်လယ်ပိုင်းတွင် ပေးပို့ခဲ့သည်။

မိုင်းများထုတ်လုပ်နိုင် စွမ်းရှိသည်။[၁၄] ချင်းအမျိုးသားတပ်မတော်သည် ၎င်းတို့၏ အခြေစိုက်စခန်းတွင် မိုင်းနှင့် မိုင်းထုတ်လုပ်နိုင်သော ပစ္စည်းကရိယာများ သိုလှောင်ထားသည်။ ထို့အပြင် ချင်းအမျိုးသားတပ်မတော်က မိုင်းထုတ်လုပ်ရေးသင်တန်းများလည်း ပို့ချပေးလျက်ရှိသည်။[၁၅] လက်နက်ကိုင်အဖွဲ့များအချင်းချင်းအကြား မိုင်းဗုံးရောင်းဝယ်မှု များရှိနေသည်။ နောက်ထပ် ဆယ်နှစ်စာအတွက် မိုင်းများထုတ်လုပ်ရန် ဖေါက်ခွဲပစ္စည်း အလုံအလောက်ရှိသည်ဟု အဖွဲ့တခုက ထုတ်ဖေါ်ပြောဆိုသည်။[၁၆]

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ နိုင်ငံခြားတိုင်းပြည်များမှ မိုင်းများလက်ခံရယူနေခြင်း ရှိမရှိ မသိရပေ။ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း အင်ဒိုချိုင်းနားစစ်ပွဲများမှ ပိုထွက်လာသော မိုင်းများ ဖေါဖေါသီသီ ရရှိနိုင်သည်။ ၂၀၀၁ ခုနှစ် ဩဂုတ်လ သတင်းများအရ လူကိုထိခိုက်စေသောမိုင်းများ မှောင်ခိုဈေးကွက်တွင် အလွယ်တကူ မရရှိတော့ကြောင်းသိရသည်။ သို့သော် နယကစစ်ဆင်ရေးကာလများအတွင်း သိမ်းဆည်းရမိခြင်း သို့မဟုတ် ထောင်ထားသော မိုင်းများပြန်လည် ဖေါ်ထုတ်ခြင်းနည်းဖြင့် ရရှိလာသောမိုင်းများမှာ သိသိသာသာတိုးပွါးလာပြီး ထိုမိုင်းများကို ပြန်လည်အသုံးချနေကြသည်။[၁၇]

## အသုံးပြုမှု––တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် အစိုးရထိမ်းချုပ်မှုမရှိသည့် အခြားအဖွဲ့များ

အနည်းဆုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၁)ဖွဲ့ မိုင်းအသုံးပြုနေသည်ဟု ယုံကြည်ရသည်။ ၂၀၀၀ခုနှစ် တော်လှန်ရေးလှုပ်ရှားမှုအတွင်း မိုင်းများ အသုံးပြုခဲ့သည်ဟု မှတ်တမ်းတင်ခံထားရသော အဖွဲ့များအားလုံး ၂၀၀၁ ခုနှစ်တွင်လည်း ဆက်လက်အသုံးပြုနေဆဲဖြစ်သည်ဟု ယုံကြည်ရသည်။ ထိုအဖွဲ့များတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၊ ကရင်နီတပ်မတော်(KA)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ

---

[၁၄] အသေးစိတ်အချက်အလက်များအတွက် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၁၉၉၉ခုနှစ်အစီရင်ခံစာ၊ စာမျက်နှာ ၄၄၈နှင့် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၀ ပြည့်နှစ်အစီရင်ခံစာ၊ စာမျက်နှာ ၄၇၂ တွင်ရှု။

[၁၅] ချင်းခေါင်းဆောင်တဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဒေလီ၊ အောက်တိုဘာလ ၂၀၀၀ ပြည့်နှစ်။

[၁၆] တိုင်းရင်းသားစစ်တပ်မှ တပ်မှူးတဦးနှင့်တွေ့ဆုံမေးမြန်းခြင်း၊ ဧပြီလ ၂၀၀၁ခုနှစ်။ အခြားတိုင်းရင်းသား တပ်မှူးတဦးထံမှ ပေါက်ကွဲပစ္စည်းတကီလိုကို ဘတ်ငွေ၃၀၀ (အမေရိကန် ၇ဒေါ်လာခန့်) ပေးဝယ်ခဲ့ရကြောင်း၊ မိုင်းတလုံးထုတ်လုပ်ရန် အမေရိကန် တဒေါ်လာခန့်သာကုန်ကျကြောင်း ထိုတပ်မှူးက ပြောပြသည်။

[၁၇] ကရင်အမျိုးသားတပ်မတော်မှ ကြားဖြတ်ဆက်သွယ်ရေးတာဝန်ခံတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဇန်နဝါရီလ ၈ ရက် ၂၀၀၁ခုနှစ်။ တိုင်းရင်းသားတပ်မှူးတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မယ်ဟောင်ဆောင်၊ ဧပြီလ ၁၂ ရက်နေ့၊ ၂၀၀၁ခုနှစ်။

ဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ပြည်သူ့ကာကွယ်ရေးတပ်(PDF)၊ မြိတ်–ထားဝယ်ညီညွတ်ရေးတပ်ဦး(MDUF)၊ ရိုဟင်ဂျာသွေးစည်းညီညွတ်ရေးအဖွဲ့(RSO)၊ ရှမ်းပြည်တပ်မတော်(SSA)၊ ဒီမိုကရက်တစ်ဗုဒ္ဓဘာသာတပ်မတော်(DKBA)၊ ဘုရားသခင်တပ်မတော်နှင့် ချင်းအမျိုး သားတပ်မတော်(CNA) တို့ပါဝင်သည်။[၁၈]

ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်ကလည်း မိုင်းများအသုံးချနေကြောင်း သိရသည်။ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်မှထောင်ထားသော မြေမြှုပ်မိုင်းများနင်းမိပြီး ထိုင်းနိုင်ငံတွင် ခိုလှုံခွင့်တောင်းရန်လာသော ရှမ်းပြည်နယ်မှဒုက္ခသည်ခြောက်ဦး သေဆုံးခဲ့ရသည်။[၁၉] ချင်းအမျိုးသားတပ်မတော်က ထိမ်းချုပ်ဖေါက်ခွဲမိုင်း တမျိုးကိုသာ အသုံးချသည်ဟု ဆိုသည်။ ချင်းပြည်နယ်ရှိ အခြေစိုက်စခန်းများအနီးတွင် ချင်းအမျိုးသားတပ်မတော်က မိုင်းထောင်လေ့ရှိသည်။[၂၀] KNLA အနေဖြင့် ၎င်းတို့ထောင်ထားသော မိုင်းကွင်းများကို အမှတ်အသားပြုခြင်း၊ မြေပုံမှတ်တမ်းတင်ခြင်းမျိုး လုပ်လေ့မရှိပေ။ KNLA နှင့် DKBA တို့ထောင်ထားသောမိုင်းများကြောင့် ကရင်ပြည်တွင်းမှ ဒုက္ခသည်များနှင့် ပေါ်တာများ၏ အသက်ကို အန္တရာယ်ပြုလျက်ရှိသည်။[၂၁] ပြည်တွင်း၌ နေရာထိုင်ခင်းပျောက်ပြီး ဒုက္ခရောက်နေသူများရှိရာ နေရာဝန်းကျင်တွင် KNLA ကမိုင်းထောင်ထားလေ့ရှိသည်။ တနင်္သာရီတိုင်းအတွင်းတွင်မူ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် မြိတ်–ထားဝယ်ညီညွတ်ရေးတပ်ဦးတို့ ထိုင်းပွဲစားများလာရောက်ရောင်းချသောမိုင်းများကို အသုံး ပြုလျက်ရှိသည်။ ထိုအဖွဲ့များသည် အမေရိကန်လုပ် M14၊ M16 နှင့် M18 မိုင်းများအ

---

[၁၈] တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၊ စစ်တပ်အရာရှိများ၊ ဒုက္ခသည်များ၊ ကယ်ဆယ်ရေးလုပ်သားများ၊ အစိုးရအာဏာပိုင်များနှင့် တွေ့ဆုံမေးမြန်းခြင်းများ။

[၁၉] ထိုင်းနိုင်ငံရောက်လာသော အိုးမဲ့အိမ်မဲ့များအား ကူညီစောင့်ရှောက်ပေးရေး ပူးတွဲကော်မတီ၏ လစဉ်အစည်းအဝေးတွင် ချင်းမိုင်မြို့အခြေစိုက် Burma Relief Center (BRC) အဖွဲ့က ရှမ်းပြည်နယ်အတွင်း အခြေအနေများကို နှုတ်ဖြင့်ပြောကြားချက်၊ ဩဂုတ် လ(၁၀)ရက်၊ ၂၀၀၀ပြည့်နှစ်။ အသေးစိတ်အချက်အလက်များကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့နှင့် BRCတို့အကြား အီးမေး (အီလက်ထရွန်းနစ်စာ) ဆက်သွယ်မှုတွင် ထပ်ဆင့်ဖေါ်ပြသည်။

[၂၀] ချင်းအမျိုးသားတပ်မတော်အဖွဲ့ဝင်တဦးနှင့်တွေ့ဆုံမေးမြန်းခြင်း၊ ဒေလီမြို့၊အန္တိယနိုင်ငံ၊ အောက်တိုဘာလ ၂၀၀၀ခုနှစ်။

[၂၁] "ကရင်ပြည်နယ်၊ မူးသရောခရိုင်မှ ကရင်ပြည်သူများ၏ အကြပ်အတည်းအခက်အခဲများ"၊ ကရင်ပြည်နယ်အတွင်း ဒုက္ခရောက်နေသူများကယ်ဆယ်ရေးအဖွဲ့ IDPs အစီရင်ခံစာ၊ ကရင်ပြည်နယ်အတွင်းဒုက္ခရောက်နေသူများကယ်ဆယ်ရေးကော်မတီ၊ ဒီဇင်ဘာ ၂၀၀၀ခုနှစ်၊ စာမျက်နှာ ၉ နှင့် ၁၇၊ မြေမြှုပ်မိုင်းဓါတ်ပုံတွဲ ၂၀၀၀–ခ၊ ကရင်လူ့အခွင့်အရေးအဖွဲ့အစီရင်ခံစာ၊ စာပိုဒ်(၂)၊ အောက်တို ဘာလ ၂၀၀၀ခုနှစ်။

ပြင် သိမ်းဆည်းရမိသော မြန်မာလုပ် MM1၊ MM2 နှင့်ဖြာထွက်မိုင်းများ၊ အခြားလက်လုပ်မိုင်းများကို သိုလှောင်သိမ်းဆည်းထားတတ်ကြသည်။[၂၂]

စိတ်အနှောက်အယှက်ဖြစ်ရသော သတင်းတခုမှာ သစ်ထုတ်လုပ်သူများနှင့် မူးယစ်ဆေးဝါးကုန်ကူးသူများ၏ ညွှန်ကြားချက်များအရ မိုင်းများအသုံးပြုနေသည်ဆိုသော သတင်းဖြစ်သည်။[၂၃] သစ်ထုတ်လုပ်ရေးစခန်းများကို ထိုင်းနိုင်ငံ မဲဆောက်မြို့တောင်ဘက်ရှိ ကရင်ပြည်နယ် နယ်စပ်ဒေသများတွင် တည်ထောင်ထားသည်။ ထိုသစ်ထုတ်လုပ်ငန်းများကို ထိုင်းစစ်တပ်နှင့်နိုင်ငံရေးနယ်ပယ်မှ အဆင့်မြင့်အရာရှိကြီးများ ပိုင်ဆိုင်သည်ဟုယုံကြည်ရသည်။ သစ်ထုတ်လုပ်စခန်းဝန်းကျင်ကို အရပ်သားများနှင့် ပြိုင်ဘက်စီးပွါးရေးလုပ်ငန်းရှင်များ အဝင်အထွက်မရှိအောင် တားမြစ်ရန်အတွက် သစ်ထုတ်လုပ်စခန်းအပြင်ဘက်စွန်းများတွင် မိုင်းထောင်ပေးရန် ဒေသခံပြည်သူများကို လက်ဝေခံသစ်လုပ်ငန်းရှင်များက ငှါးရမ်းကြသည်ဟု ဒေသခံပြည်သူများကပင် ထုတ်ဖေါ်ပြောဆိုကြသည်။ မိုင်းများထုတ်လုပ်ရန်အတွက် လိုအပ်သောဖေါက်ခွဲပစ္စည်းများကို သစ်လုပ်ငန်းရှင်များကပင် ဖြည့်ဆည်းပေးသည်ဟုဆိုသည်။ နောက်ဆုံး လက်ဝေခံသစ်လုပ်ငန်းရှင်များက ငှါးရမ်းမိုင်းထောင်စေသူများနှင့် ဒေသခံအရပ်သားများသာ မိုင်းဒဏ်ခံရသောသားကောင်များ ဖြစ်လာရသည်။ ထိုဒေသအတွင်းရှိ မူးယစ်ဆေးဝါးကုန်သည်များကလည်း မူယစ်ဆေးဝါးများ သယ်ယူပို့ဆောင်ရာလမ်းကြောင်း လုံခြုံစိတ်ချရအောင် မိုင်းများကိုအသုံးပြုလုပ်ဆောင်ကြသည်။ ကရင်ပြည်နယ်နှင့် ကရင်နီပြည်နယ်များရှိ စိတ်ကြွဆေးပြားများ ထုတ်လုပ်ရေးပစ္စည်းများ ကာကွယ်ရန်အတွက်လည်း မိုင်းများကို အသုံးပြုနေကြောင်း သတင်းများထွက်ပေါ်နေသည်။

## မြေမြှုပ်မိုင်း ပြဿနာ

မြန်မာနိုင်ငံက ပြည်နယ်နှင့်တိုင်း(၁၄)ခုအနက် (၉)ခုမှာ မိုင်းထောင်ထားသော နယ်မြေများဖြစ်သည်။ ထိုအထဲတွင် မြန်မာပြည်အရှေ့ပိုင်းဒေသများမှာ မိုင်းအထူထပ်ဆုံးဖြစ်သည်။[၂၄] မိုင်းရှိနယ်မြေများအကြောင်း အသေးစိတ်ကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၀ ပြည့်နှစ်အစီရင်ခံစာ တွင် ဖေါ်ပြထားပါသည်။

---

[၂၂] သူပုန်အဖွဲ့မှအရာရှိတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဇွန်လ ၂၀၀၀ ပြည့်နှစ်။ ကရင်နီအရာရှိတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မယ်ဟောင်ဆောင်၊ ဧပြီလ(၁၂)ရက်၊ ၂၀၀၁ခုနှစ်။

[၂၃] ထိုင်းမြန်မာနယ်စပ်တလျှောက် ၂၀၀၁ခုနှစ်အတွင်း တွေ့ဆုံမေးမြန်းချက်များပြုလုပ်စဉ် ထိုစိတ်ပျက်ဖွယ်သတင်းဆိုးများကို နေရာသုံးခုမှ ကြားသိရရှိခဲ့သည်။ လုံခြုံရေးလိုအပ်ချက်ကြောင့် ထုတ်ဖေါ်ပြောဆိုသူများ၏အမည် နာမနှင့်ပတ်သက်၍ ထိမ်ချန်ထားသည်။

[၂၄] မိုင်းရှိသည်ဟု ယခင်က ယုံကြည်ရသော စစ်ကိုင်းတိုင်းကို ယမန်နှစ်အစီရင်ခံစာတွင် မိုင်းရှိနယ်မြေအဖြစ်ဖေါ်ပြထားပြီး ယခုအစီရင်ခံစာတွင်မူ မိုင်းရှိနယ်မြေစာရင်းမှ ဖယ်ထုတ်လိုက်သည်။

သောင်းကျန်းသူများ ဖြတ်ကျော်သွားလာခြင်းကို တားဆီးရန်အတွက် ကရင်ပြည်နယ် အထက်ပိုင်း ကျောက်ကြီးမှ ထိုင်းမြန်မာနယ်စပ် သံလွင်မြစ်ကမ်းရှိ စောထာအထိ ကရင် ပြည်နယ် နယ်စပ်ကျော်ဖြတ်လမ်းကြောင်းရှိ စစ်စခန်းများအားလုံးတွင် မိုင်းများထောင် ထားသည်။ ထိုမိုင်းများကြောင့် ဒုက္ခသည်များ နယ်စပ်ဒေသသို့ ထွက်ခွါလာခြင်းကိုလည်း ပိတ်ဆို့ပြီးသား ဖြစ်သွားသည်။

မြန်မာနိုင်ငံတွင် ထောင်ထားသော မိုင်းအရေအတွက် နှင့်ပတ်သက်၍သော်လည်း ကောင်း၊ မိုင်းရှိနယ်မြေ အကျယ်အဝန်းနှင့် ပတ်သက်၍သော်လည်းကောင်း ယုံကြည်ရ သော ခန့်မှန်းတွက်ဆချက် တစုံတရာမရှိသေးပေ။ ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလက ရရှိ သောအစီရင်ခံစာတခုတွင် မြန်မာနိုင်ငံ၌ မိုင်းအမျိုးစား ၂၅ မျိုးနှင့် အမျိုး ၃၀ အကြားရှိ သော မိုင်းမျိုးစုံကို အသုံးချနေသည်ဟု ဖေါ်ပြထားသည်။[၂၅]

## မိုင်းရှင်းလင်းရေးနှင့် မိုင်းအန္တရယ် သတိမူမှု

လူသားခြင်းစာနာသည့်အနေဖြင့် မိုင်းရှင်းလင်းရေးလုပ်ဆောင်မှုမျိုး မြန်မာနိုင်ငံတွင် မရှိချေ။ တချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ရွာသားများက ၎င်းတို့နယ်မြေ တွင်ရှိသောမိုင်းများကို ဖယ်ရှားပစ်ခဲ့သည်။ ရခိုင်ပြည်နယ်ရှိ သူပုန်များက မိုင်းရှာဖွေရေးက ရိယာများကို သိမ်းဆည်းရမိထားပြီး ၎င်းတို့ စစ်ဆင်ရေးများတွင် ပြန်လည်အသုံးချလျက်ရှိ သည်။[၂၆] ကရင်ပြည် ညောင်လေးပင်ခရိုင်မှရွာသားများ စစ်ဆင်ရေးကာလအတွင်း ထွက် ပြေးတိမ်းရှောင်နေရာမှ အိမ်ပြန်လာသောအခါ ၎င်းတို့၏ရွာများတွင် မိုင်းထောင်ထား သည်ကိုတွေ့ရှိရသည်။ ရွာသားများက ထိုသို့သောမိုင်း အလုံး ၁၀၀ ကျော်ကိုဖေါ်ထုတ်ပြီး စစ်တပ်စခန်းများအနီးတွင် ပြန်ထောင်ထားလိုက်ကြသည်။[၂၇]

---

[၂၅] Andrew Selt၊ "မြန်မာနိုင်ငံမှမြေမြှုပ်မိုင်းများ–စစ်ရေးအခင်းအကျင်းများ"။ လုပ်ငန်းတင်ပြ ချက်စာတမ်း၊ အမှတ်စဉ်၃၅၂၊ Australian National University Strategic & Defense Studies Centre၊ ကင်ဘာရာ၊ နိုဝင်ဘာလ ၂၀၀၀ ပြည့်နှစ်၊ စာမျက်နှာ ၂၆–၃၄။ Moser-Puangsuwan & Selth ၊ "မြန်မာနိုင်ငံမှာလူမသိသောမိုင်းကွင်းများ"၊ *Jane's Intelligence Review*၊ အတွဲ ၁၂၊ အမှတ် စဉ် ၁၀၊ အောက်တိုဘာလ ၂၀၀၀ ပြည့်နှစ်၊ စာမျက်နှာ ၃၈–၄၂။

[၂၆] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ ၂၀၀၀ ပြည့်နှစ်အတွင်း တင်ပြသော ဓါတ်ပုံအ ထောက်အထားများ။ ကရင်ပြည်နယ်တွင်ထုတ်လုပ်သည်ဟု ဖေါ်ပြထားသော သိမ်းဆည်းရမိ သည့် မိုင်းများကို ဖေါ်ပြထားသည့် ကရင်လူ့အခွင့်အရေးအဖွဲ့ အစီရင်ခံစာ ဓါတ်ပုံမှတ်တမ်းများ။

[၂၇] လူ့အခွင့်အရေးလုပ်သားတဦးထံက မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ထံ ပေးပို့သော အီးမေး (အီလက်ထရွန်းနစ်စာ)၊ ဖေ ဖေါ်ဝါရီလ ၂၂ရက်နေ့၊ ၂၀၀၁ခုနှစ်။

## ရက်စက်သောမိုင်းရှင်းနည်း

ထိုင်းမြန်မာနယ်စပ်ရှိ စစ်ဆင်ရေးများတွင် မိုင်းရှိသည်ဟုယူဆရသော နယ်မြေများတွင် ဗမာမဟုတ်သော ဒေသခံတိုင်းရင်းသားပြည်သူများကို တပ်မတော်စစ်ကြောင်းရှေ့မှ ချီတက်ခိုင်းစေကြောင်း သတင်းများ အကြိမ်ကြိမ်ထွက်ပေါ်လျက်ရှိသည် (မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၁၉၉၉ခုနှစ်အစီရင်ခံစာ နှင့် ၂၀၀၀ခုနှစ်အစီရင်ခံစာ တွင်ရှု)။ လမ်းဖေါက်လုပ်ရေးအတွက် ဘူဒိုဇာ စက်ဖြတ်မောင်းနိုင်အောင် တောတွင်း၌ မိုင်းရှင်းလင်းရေးလုပ်ရန် မြန်မာ့တပ်မတော် တပ်မှူးတဦးက အမိန့်ပေးစေခိုင်းချက်ရရှိပြီးနောက် ထိုင်းမြန်မာနယ်စပ်အနီးရှိ ကျေးရွာ ၁၂ ခုမှရွာသားများ ၂၀၀၁ခုနှစ် ဇန်နဝါရီလတွင် ဒုက္ခသည် အဖြစ်ခံယူရန် ထိုင်းနိုင်ငံဘက် ထွက်ပြေးလာကြသည်။ ထိုဒေသအတွင်း KNLA က မိုင်း ထူထူထဲထဲ ထောင်ထားသည်ဟု ယုံကြည်ရသည်။[၂၈] ရက်စက်သည့်မိုင်းရှင်းလင်းရေးလုပ်ရပ်ကြောင့် ဖြစ်ပွါးရသော ထိခိုက်မှုများအကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့က ၂၀၀၀ ပြည့်နှစ်အတွင်း အကြိမ်ကြိမ် မှတ်တမ်းတင်ခဲ့သည်။[၂၉] မြန်မာနိုင်ငံမှလုပ်အားပေး စေခိုင်းမှုများနှင့်ပတ်သက်၍ဖေါ်ပြထားသော အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန အစီရင်ခံစာကိုတုံ့ပြန်ရာတွင် နယက က "ခလေးသူငယ်များကို လူသားမိုင်းရှင်းကရိယာ အဖြစ်အသုံးချနေသည်ဆိုသော စွပ်စွဲချက်များမှာ အခြေအမြစ်မရှိသည့်အတွက် ဖြေရှင်းချက်ပေးရန်ပင်မလိုဟု" ဖေါ်ပြခဲ့သည်။[၃၀]

## မြေမြှုပ်မိုင်းထိခိုက်ဒါဏ်ရာရမှုများ

မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူဦးရေ မည်မျှရှိသည်ဆိုသော အချက်ကို အတိအကျ မသိရှိရပေ။ မြေမြှုပ်မိုင်း ထိခိုက်ဒဏ်ရာရသူများနှင့် အသက်မသေကျန်ရစ်နေသူများအားလုံးကိုလွှမ်းခြုံ၍ စနစ်တကျ မှတ်တမ်းပြုစုနေသော ဗဟိုစာရင်းအင်းပြုစုရေးအဖွဲ့ အခုအချိန်အထိ မရှိသေးပါ။ ရရှိသော သတင်းအချက်အလက်များအ

---

[၂၈] ဘန်ကောက်၌ကျင်းပသော ဒုက္ခသည်များ ကူညီပေးရေး အစည်းအဝေးတခုတွင် နိုင်ငံတကာမှ လူသားခြင်းစာနာသည့် အကူအညီပေးရေးလုပ်သားတဦး နှုတ်ဖြင့်တင်ပြချက်၊ ဖေဖေါ်ဝါရီလ ၁၅ ရက်၊ ၂၀၀၁ခုနှစ်။

[၂၉] ၂၀၀၀ပြည့်နှစ် ဧပြီလတွင် မိုင်းရှင်းရန်အတွက်ပေါ်တာများကိုအသုံးချခဲ့သည်ဟု ဖေါ်ပြထားသော ကရင်လူ့အခွင့်အရေးအဖွဲ့အစီရင်ခံစာ "ဖမ်းဆီးခြင်း၊ နှိပ်စက်ညှင်းပန်းခြင်း၊ ပစ်ခတ်ခြင်းနှင့် သတ်ဖြတ်ခြင်း" ဧပြီလ ၂၅ ရက်နေ့၊ ၂၀၀၀ပြည့်နှစ်။ အလေးအပင်မသယ်နိုင်သော ခလေးသူငယ်များနှင့် အမျိုးသမီးများကို မိုင်းရှင်းကရိယာအဖြစ် အသုံးပြုကြောင်း ဖေါ်ပြထားသည့် ကရင်လူ့အခွင့်အရေးအဖွဲ့၏ "တော်မှတ်စေခြင်း"အစီရင်ခံစာ၊ မတ်လ ၃၁ရက်နေ့၊ ၂၀၀၀ပြည့်နှစ်။

[၃၀] "အစီရင်ခံစာအပေါ်ရန်ကုန်အစိုးရကအပြင်းအထန်ဝေဖန်"၊ ဘန်ကောက်ပို့(စ)၊ မတ်လ ၁၅ ရက်နေ့ ၂၀၀၀ပြည့်နှစ်။

ပေါ်မူတည်၍ ၁၉၉၉ ခုနှစ် တနှစ်အတွင်းဖြစ်ပွါးသော ပဋိပက္ခများအတွင်း မိုင်းဝေဒနာရှင် ၁၅၀၀ လောက်ရှိခဲ့သည်ဟု မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၀ပြည့်နှစ် အစီရင်ခံစာတွင် ခန့်မှန်းထားသည်။ ကရင်ပြည်နယ်တခုတည်းတွင်း အရပ်သား မိုင်းဝေဒနာရှင် တနေ့လျှင်တဦးနှုံးမျှရှိသည်ဟုလည်း ခန့်မှန်းဖေါ်ပြထားသည်။ သို့သော် ထိုကိန်းဂဏန်းများမှာ ခန့်မှန်းချက်မျှသာဖြစ်သည်။ မြေမြှုပ်မိုင်းကြောင့် သေဆုံးသူဦးရေကို လိုက်လံစာရင်းကောက်ရန် မဖြစ်နိုင်ချေ။

မြေမြှုပ်မိုင်းဝေဒနာရှင်များ တနေ့တခြား တိုးပွါးလျက်ရှိသည်။ (၁၉၉၉ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်)နယ်ခြားမဲ့ဆေးပညာရှင်များအဖွဲ့ထံမှ ခွဲစိတ်ကုသမှု အကူအညီတောင်းခံရန် တင်ပြလာသော စာရင်ဇယားများအရ ၂၀၀၀ ပြည့်နှစ်အတွင်း မိုင်းဝေဒနာရှင်များ ယခင်နှစ်ကထက် တိုးပွါးလာသည်ကို ပြသလျက်ရှိသည်။[၃၀] ကရင်ပြည်နယ် ဒူးပလာယာ ခရိုင်မှရောက်လာသော မိုင်းဝေဒနာရှင်ဦးရေ ပိုများလာကြောင်း ထိုင်းနိုင်ငံ၊ မဲဆောက်ရှိ မယ်တော်ဆေးခန်းတာဝန်ခံများက ထုတ်ဖေါ်ပြောဆိုသည်။[၃၁]

ထိုင်းနိုင်ငံအတွင်း အကျိုးသက်ရောက်မှုကွင်းဆင်းလေ့လာချက်အဆင့်တစ် ပဏာမအစီရင်ခံစာတွင် အောက်ပါအချက်လက်များကို ဖေါ်ပြထားသည်။ “မိုင်းအန္တရယ်အများစုမှာ နယ်စပ်တဖက်ခြမ်း မြန်မာနိုင်ငံအတွင်းပိုင်း၌ဖြစ်သည်။ ထိုနေရာများတွင် မိုင်းထိခိုက်ဒဏ်ရာရမှု အများအပြား ဖြစ်ပေါ်လျက်ရှိသည်။ အိုးမဲ့အိမ်မဲ့ ဖြစ်နေသူများအတွက် တည်ထောင်ထားရှိသော စခန်းများတခုတည်းမှာပင် မိုင်းဝေဒနာရှင် ၈၃ ယောက်ရှိကြောင်း မှတ်တမ်းတင်ခဲ့ပြီး၊ ထိုထက်များပြားသောအရေအတွက်ရှိသည့် မိုင်းဝေဒနာရှင်များကိုမူ ဆေးရုံမှတ်တမ်းများအရ သိရသည်။ လွန်ခဲ့သော နှစ်နှစ်အတွင်း မိုင်းထိခိုက်ဒဏ်ရာရမှု ၁၅၀ ရှိကြောင်း အစီရင်ခံချက်များရှိပြီး၊ ယခင်နှစ်များအပါအဝင်ဆိုလျှင် ဝေဒနာရှင် ၅၄၁ ယောက်ရှိခဲ့ကြောင်း ဖေါ်ပြထားသည်။ မိုင်းအန္တရယ်ရှိသောနယ်မြေ ၂၁၃ ခုကို ဖေါ်ပြထားသည်။ သို့သော်ထိုနယ်မြေများမှာ ထိုင်းနိုင်ငံဖက်ရှိ နယ်မြေများအဖြစ် မှတ်တမ်းတင်ထားသည်။[၃၃]

[၃၀] ထိုင်းနိုင်ငံ တက်ခရိုင်ရှိ MSF ထံတင်ပြလာသော ခွဲစိတ်ကုသမှုတောင်းခံထားသည့် စစ်ကြောင့်ဖြစ်ရသော ထိခိုက်ဒဏ်ရာရမှုများစာရင်း၊ UNHCR နယ်လှည့် အရာရှိတဦး၏ မေတ္တာရပ်ခံချက်ဖြင့် ထိုစာရင်းများကို ထုတ်ပြန်ပေးခြင်းဖြစ်သည်။

[၃၁] မယ်တော်ဆေးခန်းမှ ဒေါက်တာ စင်သီယာမောင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ မဲဆောက်၊ ထိုင်းနိုင်ငံ၊ ဧပြီလ ၁၆ ရက်နေ့၊ ၂၀၀၁ခုနှစ်။

[၃၃] NPA/TMAC အကျိုးသက်ရောက်မှု ကွင်းဆင်းလေ့လာချက်၊ နောက်ဆုံးအဆင့် တင်ပြချက်၊ ထောက်ခံမှုပေးနေသောမှတ်စုများ၊ Guy Rhodes, PhD, အစီအစဉ်မန်နေဂျာ၊ NPA ၊ ဆလိုက် ၃၃၊ ၂၀၀၁ခုနှစ် မတ်လ ၃၁ရက်နေ့ တင်ပြချက်။

ပြီးခဲ့သည့် သီတင်းနှစ်ပတ်အတွင်း မိုင်းပေါက်ကွဲမှုများကြောင့် နှစ်နိုင်ငံမှပြည်သူအနည်းဆုံး ၇ ဦးသေဆုံးခဲ့ကြောင်း ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလအတွင်းကျင်းပသော မြန်မာ ဘင်္ဂလားဒေ့ရှ် နယ်စပ်လုံခြုံရေးတပ်ဖွဲ့များအစည်းအဝေးတွင် နှစ်ဖက်စလုံးက ဝန်ခံခဲ့ကြသည်။[၃၄]

မြန်မာ့တပ်မတော်က မိုင်းအများဆုံးထောင်ထားသောနေရာများတွင် အခုအခါ မိုင်းထိခိုက်ဒဏ်ရာရမှုကျဆင်းလာရခြင်းမှာ ထိုနေရာများမှ ရွာသားများ ထွက်ပြေးတိမ်းရှောင်နေကြ၍ဖြစ်ကြောင်း၊ ရွာသားများပြန်သွားသောအခါ မိုင်းထိခိုက်ဒဏ်ရာရမှု ပြန်များလာဖို့ရှိကြောင်း ကရင်စစ်တပ်အရာရှိတဦးက ထုတ်ဖော်ပြောဆိုသည်။[၃၅]

စစ်ဆင်ရေးကြောင့်ဖြစ်ရသော မိုင်းဝေဒနာရှင်များ နယ်စပ်တလျှောက်တွင် တွေ့နေရသော်လည်း ထိုသို့သော မြေမြှုပ်မိုင်းဝေဒနာရှင်များမရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောဆိုနေဆဲဖြစ်သည်။[၃၆] စစ်ကြောင်းများနှင့်လိုက်ပါရသောပေါ်တာများ မိုင်းထိခိုက်မှုနှုန်းနှင့် စစ်သားများမိုင်းထိခိုက်မှုနှုန်းမှာ အချိုးအစား အတူတူလောက်ဖြစ်သည်။[၃၇]

ဆင်များလည်း မိုင်း၏သားကောင်များအဖြစ် ဆက်လက်ဝေဒနာခံစားနေရဆဲဖြစ်သည်။ ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၁ခုနှစ်အတွင်း ဆင်သေဆုံးမှုများကိုလည်း မှတ်တမ်းတင်နိုင်ခဲ့သည်။ ထိုင်းနိုင်ငံ၊ တက်ပြည်နယ်တဖက်ကမ်း မြန်မာနိုင်ငံဖက်၌ ၃၂ နှစ်အရွယ်ရှိ ဆင်တကောင် ဧပြီလက မိုင်းနင်းမိပြီး၊ မိုင်းဒဏ်ရာကြောင့် ဇွန်လတွင် သေဆုံးခဲ့ရသည်။[၃၈] ဘင်္ဂလားဒေ့ရှ်တွင် မိုင်းဒဏ်ကြောင့် ဆင် ၂၆ ကောင် သေဆုံးခဲ့ရကြောင်းသိရသည်။ ထိုဒေသ

---

[၃၄] "နယ်စပ်တွင်ထောင်ထားသောမိုင်းများမြန်မာနိုင်ငံကဖယ်ရှားရန်ရှိ"၊ ကော့(စ)ဘာဇာ၊ ဘင်္ဂလားဒေ့ရှ်၊ *Daily Star*၊ နိုဝင်ဘာ လ၃၀၊ ၂၀၀၀ပြည့်နှစ်။

[၃၅] ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်မှ ကြားဖြတ်ထောက်လှမ်းရေးအရာရှိတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဇန်နဝါရီ လ(၈)ရက်နေ့ ၂၀၀၁ခုနှစ်။

[၃၆] ကျန်းမာရေးလုပ်သားတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ ဧပြီလ ၂၅ ရက်နေ့၊ ၂၀၀၀ ပြည့်နှစ်။

[၃၇] စစ်တပ်မှတ်တမ်းများနှင့် ရှေ့တန်းနယ်မြေများတွင်း မိုင်းထိခိုက်ဒဏ်ရာရမှု အစီအရင်ခံစာများကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က ရရှိနိုင်သော အခြေအနေမရှိပါ။ သို့သော် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က ရရှိသော စာရင်းများအရ ပေါ်တာနှင့်စစ်သားများအကြား မိုင်းကြောင့် ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုမှာ ကိန်းဂဏန်းအရ အတူတူလောက်ဖြစ်နေသည်ကို တွေ့ရသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ ထွက်ပြေးလွတ်မြောက်လာသော ပေါ်တာများနှင့် တွေ့ဆုံးမေးမြန်ချက်များ၊ ဒီဇင်ဘာလ ၂၀ ရက်နေ့၊ ၂၀၀၀ပြည့်နှစ်။

[၃၈] "မြေမြှုပ်မိုင်းဒဏ်ရာဖြင့်ဆင်တကောင်သေဆုံး"၊ ဘန်ကောက်ပို့(စ)၊ ဇွန်လ ၆ ရက်၊ ၂၀၀၀ ပြည့်နှစ်။

တွင် ဆင်များကို ဆေးဝါးကုသပေးနိုင်သော တရိစ္ဆာန်ဆရာဝန်များလည်း မရှိချေ။[၄၉] ဖေဖော်ဝါရီလကလည်း ဆင်ပေါက်တကောင် မိုင်းနင်းမိခဲ့ပြန်သည်။[၅၀] မိုင်းများ ထူထပ်စွာချထားသော ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် မိုင်းထိခိုက်ဒဏ်ရာရမှုများကြောင့် ထိုဒေသတွင် ကျင်လည်ကျက်စားနေကြသောဆင်များ စားကျက်ပြောင်းရွှေ့သွားကြောင်း သိရသည်။ ထိုဆင်များသည် ယခင်ကရှောင်ရှားခဲ့သော စိုက်ပျိုးခင်းများထဲ ပြန်လည်ဝင်ရောက်လာသဖြင့် လယ်သမားများ၏ တိုက်ခိုက်မှုကို ခံနေကြရသည်။[၅၁] မြန်မာနိုင်ငံမှမြေမြှုပ်မိုင်းများကြောင့် ကျွဲ များ၊ ကျားများ၊ တောဝက်များနှင့် ခွေးများလည်း သေဆုံးခဲ့ရပြီးဖြစ်သည်။

## အသက်မသေ ကျန်ရစ်သူများအတွက် အကူအညီ

မြန်မာနိုင်ငံဆေးဝါးကုသမှုစနစ်၏ ဥပေက္ခာပြုမှုများကြောင့် အသက်မသေကျန်ရစ်ခဲ့သော မိုင်းဝေဒနာရှင်များအား အကူအညီပေးရေးအစီအစဉ်မှာ အနိမ့်ဆုံးအဆင့်တွင်ရှိသည်။ ၂၀၀၀ ခုနှစ် ကမ္ဘာ့ကျန်းမာရေး အစီရင်ခံစာတွင် ၁၉၁ နိုင်ငံအနက် မြန်မာနိုင်ငံကို အဆင့် ၁၉၀ နေရာတွင်သတ်မှတ်ခြင်းအားဖြင့် မြန်မာ့ကျန်းရေးအခြေအနေ အကဲဖြတ်ချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဆင့်အတန်း မမီသေးကြောင်း ဖော်ပြခဲ့သည်။

ပြည်သူ့ဆေးရုံများမှ ဆေးဝန်ထမ်းများသည် လစာ အမေရိကန်ဒေါ်လာ ၅ ဒေါ်လာခန့်မျှသာ ရရှိကြသည်။[၅၂] လူနာက ဆေးဝါးကုသစရိတ်မပေးနိုင်ပါက ပုဂ္ဂလိက ဆေးခန်းတွင်သော်လည်းကောင်း၊ အစိုးရဆေးရုံးတွင်သော်လည်းကောင်း၊ ဆေးကုသမှု မရရှိနိုင်ပေ။ ရှေးဦးပြုစုမှုနှင့် ခွဲစိတ်ကုသမှုရရှိရေးမှာလည်း လူနာနှင့်ဆေးကုသမှုပေးနိုင်သောနေရာ အကွာအဝေး မည်မျှရှိသနည်းဆိုသောအချက်နှင့် ထိခိုက်ဒဏ်ရာရမှုဖြစ်သောအချိန် ထိုဒေသအတွင်းဖြစ်ပေါ်နေသော လုံခြုံရေးအခြေအနေများ အပေါ်တွင်မူတည်သည်။ ခွဲစိတ်ကုသမှုမပြုမီ ပဏာမအခြေခံဆေးဝါးကုသမှုရရှိရေးမှာလည်း အတွေ့အကြုံရှိသော ဆေးမှူးနှင့် ဆေးပစ္စည်းကရိယာများ ရရှိနိုင်မှုအပေါ် မူတည်နေပြန်သည်။[၅၃]

---

[၄၉] "ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်စပ်၌မြေမြှုပ်မိုင်းပေါက်ကွဲ"၊ မစ္ဆိမသတင်းထုတ်ပြန်ရေးအဖွဲ့၊ အောက်တိုဘာလ ၂၂ ရက်နေ့၊ ၂၀၀၀ ပြည့်နှစ်။

[၅၀] "မြေမြှုပ်မိုင်းဒဏ်ရာရထားသောဆင်ပေါက်တကောင်သေဆုံး"၊ ဘန်ကောက်ပို့(စ)၊ ဖေဖော်ဝါရီလ ၅ ရက်နေ့၊ ၂၀၀၁ခုနှစ်။

[၅၁] ဘင်္ဂလားဒေ့ရှ်အခြေစိုက် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေး သုတေသီထံမှ အီးမေး (အီလက်ထရွန်းနစ်စာ)၊

[၅၂] ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အာရာရှိတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ ဇန်နဝါရီလ ၂၀၀၀ ပြည့်နှစ်။ "မြန်မာနိုင်ငံလူသားအရင်းအမြစ်ဖွံ့ဖြိုးမှု"၊ ကုလသမဂ္ဂအလုပ်အဖွဲ့၊ ဇူလိုင်လ ၁၉၉၈ခုနှစ်။ စာမျက်နှာ ၁၄။

[၅၃] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၁၉၉၉ခုနှစ် အစီရင်ခံစာ၊ စာမျက်နှာ ၄၅၃-၄၅၄။

ခြေတုလက်တုအစိတ်အပိုင်းများကို အမျိုးသားပြုစုပျိုးထောင်ရေးဌာန ( National Rehabilitation Center- NRC) မှတဆင့် ထောက်ပံ့ကူညီပေးရေးမှာလည်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့၏ ထောက်ပံ့ကူညီပေးမှုအပေါ်တွင် လုံးလုံးလျားလျား မှုတည်နေပြန်သည်။ တနိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံအသုံးချနိုင်မည့် အစိုးရထံမှဘဏ္ဍာငွေ အထောက်အပံ့မျိုး NRC မှမရရှိပေ။ လူနာများအားလုံး မိမိတို့ကုန်ကျစရိတ်ဖြင့် ဌာနရှိရာသို့ အရောက်လာကြရသည်။ အမျိုးသားပြုစုပျိုးထောင်ရေးဌာနတည်ရှိနေကြောင်း တနိုင်ငံလုံးသို့ စနစ်တကျသတင်းဖြန့်ချိပေးခြင်းမျိုးမရှိပေ။ နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများသည်ပင် အမျိုးသားပြုစုပျိုးထောင်ရေးဌာနတည်ရှိနေကြောင်းနှင့် ဌာန၏လုပ်ငန်းများအကြောင်း သိရှိခြင်း ရှိမရှိ မသေချာကြောင်း ဌာနညွှန်ကြားရေးမှူးက ထောက်ပြသည်။ အမျိုးသားပြုစုပျိုးထောင်ရေးဌာနတွင် ဌာနခွဲနှစ်ခုရှိသည်။ တခုမှာ ရန်ကုန်တွင်ဖြစ်ပြီး အခြားတခုမှာ ဒုတိယမြို့တော် မန္တလေးတွင်ဖြစ်သည်။ ဌာနခွဲတခုစီတွင် တလ အတွင်းလူနာ ၃၀ စီကုသပေးနိုင်သည်။ ထိုဌာနခွဲနှစ်ခုနှင့် ရန်ကုန်မြို့အနီးရှိ မင်္ဂလာ ဒုံစစ်ဆေးရုံတို့ကသာ ခြေတုများ တပ်ဆင်ပေးနိုင်သော ဆေးကုသမှုစနစ်ရှိသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က မေမြို့အနီးတည်ဆောက်ပေးထားသော ဆေးရုံသည်လည်း လက်ရှိအခြေအနေတွင် လုပ်ငန်းလည်ပတ်နိုင်မှုမရှိသေးပေ။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့နှင့် မြန်မာ့ကြက်ခြေနီအဖွဲ့တို့ ပူးပေါင်းအစီအစဉ်ဖြင့် ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်နှင့် ပဲခူးတိုင်းများသို့ ကာလအပိုင်းအခြားအလိုက် စေလွှတ်သောအဖွဲ့များက ခြေတုလက်တု တပ်ဆင်မည့်လူနာများကို အမျိုးသားပြုစုပျိုးထောင်ရေးဌာနသို့ ပို့ဆောင်ပေးကြသည်။

ရန်ကုန်နှင့် မန္တလေးမြို့များတွင်ကျင်းပသော ခန္ဓာကိုယ်အတုတပ်ဆင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများသို့ နယ်စပ်ဒေသများမှ ခြေတုလက်တုတပ်ဆင်သူများ တက်ရောက်နိုင်ရန် စီစဉ်ပေးကြောင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ အစီရင်ခံစာတွင် ဖေါ်ပြထားသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ အကူအညီဖြင့် ကျန်းမာရေးဝန်ကြီးဌာနက အလုပ်ရုံဆွေးနွေးပွဲများကို ဦးဆောင်ကျင်းပသည်။[၄၄] ၂၀၀၀ပြည့်နှစ်အတွင်း လူနာဦးရေ ပိုမိုများပြားလာပြီး၊ ခန္ဓာကိုယ်အစိတ်အပိုင်းအတုများ ထုတ်လုပ်မှုမှာလည်း ၁၉၉၉ခုနှစ်ကထက် နှစ်ဆကျော်ပိုမိုများလာသည်။ လူနာ ၉၀၇ ယောက်ကို ခန္ဓာကိုယ် အတုပစ္စည်းများဖြင့် တပ်ဆင်ပေးခဲ့ရပြီး ထိုအထဲက ၅၅ ရာနှုန်းကျော်မှာ မိုင်းဝေဒနာရှင်များဖြစ်သည်။[၄၅]

---

[၄၄] အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ ၂၀၀၀ ပြည့်နှစ် နှစ်ပတ်လည်အစီရင်ခံစာ၊ စာမျက်နှာ ၁၁၉။

[၄၅] အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့၊ ကျန်းမာရေးနှင့် ထောက်ပံ့ရေးဌာန၊ ခန္ဓာကိုယ်ပြန်လည်ပျိုးထောင်ရေးဌာနခွဲ ၂၀၀၀ပြည့်နှစ် နှစ်ပတ်လည်အစီရင်ခံစာ၊ စာမျက်နှာ ၁၁။

အမျိုးသားပြုစုပျိုးထောင်ရေးဌာနက ကန့်သတ်လူနာဦးရေးစာရင်းကို ထုတ်ပြန်ကြေညာသည်။ ၁၉၉၀နှင့် ၁၉၉၈ခုနှစ်များအတွင်း လူပေါင်း ၁၄၀၀ ကို ခြေတုလက်တုများ တပ်ဆင်ပေးခဲ့ရပြီး၊ ထိုအထဲမှ ၇၀ ရာနှုန်းကျော်မှာ မိုင်းဝေဒနာရှင်များဖြစ်သည်။[၄၆] ၁၉၉၉ခုနှစ်ဧပြီလမှ စက်တင်ဘာလအထိ မိုင်းဝေဒနာရှင် ၁၅၇ ယောက်ကို အမျိုးသားပြုစုပျိုးထောင်ရေးဌာနက ဝေးဝါးကုသပေးခဲ့ရသည်။[၄၇]

ကာကွယ်ရေးဝန်ကြီးဌာနဆေးရုံ၏ ဆေးဝါးကုသပေးမှုဆိုင်ရာ မှတ်တမ်းအချက်အလက်များ မရရှိပါ။ သို့သော် အရပ်သားဆေးရုံများမှ ပြုလုပ်ပေးနေရသော ဆေးဝါးကုသမှုထက် နှစ်ဆကျော်မျှ စစ်ဆေးရုံများကပြုလုပ်ပေးနေရသည်ဟု အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ ကိန်းဂဏန်းများတွင်ဖေါ်ပြသည်။[၄၈]

ကျန်းမာရေးဝန်ကြီးဌာန မှကြီးကြပ်သော သက်မွေးဝမ်းကြောင်း ပညာသင်ပေးသည့် ပြန်လည်ပြုစုပျိုးထောင်ရေးစခန်းတခု ရန်ကုန်တွင်ရှိသည်။ ခြေတုလက်တု တပ်ဆင်ခံထားရသူများအတွက် သက်မွေးဝမ်းကြောင်းပညာသင် ပြန်လည်ပြုစုပျိုးထောင်ရေးစခန်းတခုကို နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့များ၏ အကူအညီဖြင့် ရန်ကုန်မြို့တွင် တည်ဆောက်လျှက်ရှိသည်။

တိုင်းရင်းသားလူမျိုးများကိုအခြေခံ၍ သီးခြားလွတ်လပ်စွာတည်ထောင်ထားသည့် ကျောပိုးအိတ် ကျန်းမာရေးလုပ်သားများဟုခေါ်သော နယ်လှည့်ကျန်းမာရေးအဖွဲ့ တဖွဲ့သည် တိုင်းရင်းသားလှုပ်ရှားမှုနယ်မြေများဖြစ်သော မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် လှည့်လည်၍ ဆေးဝါးကုသပေးလျှက်ရှိသည်။ ထိုအဖွဲ့သည် ရှေးဦးပြုစုမှုနှင့် အရေးပေါ် ဆေးကုသမှု အများအပြားကို ဆောင်ရွက်ပေးနိုင်စွမ်းရှိသည်။

---

[၄၆] အမျိုးသားပြန်လည်ပြုစုရေးဌာန စာရင်းဇယားများနှင့် ဌာနညွှန်ကြားရေးမှူး ဒေါက်တာရဲလှိုင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဩဂုတ်လ ၁၉၉၉ခုနှစ်။

[၄၇] ဂျပန်အကူအညီပေးရေးနှင့်ထောက်ပံ့ရေးအဖွဲ့သို့ အမျိုးသားပြုစုပျိုးထောင်ရေးဌာနက ပေးပို့ခဲ့သော စာရင်းဇယားများ၊ ဒီဇင်ဘာလ ၁၉၉၉ခုနှစ်။

[၄၈] ရန်ကုန်နှင့် မေမြို့တွင်ရှိသော ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်မှ စစ်ဆေးရုံများသို့ ခန္ဓာကိုယ်အတုအစိတ်အပိုင်းများကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က ထောက်ပံ့ပေးနေရသည်။ "အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ ၁၉၉၇–၁၉၉၈ စာရင်းဇယားများနှင့် ဂရပ်များ"၊ ဇွန်လ ၈ ရက် ၁၉၉၉ခုနှစ်။ ကာကွယ်ရေးဝန်ကြီးဌာန ဆေးရုံများသို့ အကူအညီများ ဆက်လက်ပေးအပ်နိုင်ရေး သက်ဆိုင်ရာမှ အဆိုပြုတောင်းခံချက်များကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က စောင့်နေသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့မှထုတ်ပြန်သော စာရင်းဇယားများနှင့် အမျိုးသားပြုစုပျိုးထောင်ရေးဌာနမှ တင်ပြသောစာရင်းနှစ်ခုနှိုင်းယှဉ်လျှင် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆေးရုံများကို အရပ်သားဆေးရုံများထက် ခန္ဓာကိုယ်အတု နှစ်ဆခွဲမျှပိုမိုဖြန့်ဝေပေးနေရကြောင်း တွေ့ရသည်။

ထိုင်းမြန်မာနယ်စပ် ဒုက္ခသည်စခန်းများတွင် လုပ်ငန်းဆောင်ရွက်နေသော လူသားခြင်းစာနာမှု အကူအညီများပေးအပ်နေသည့် နယ်ခြားမဲ့ဆေးပညာရှင်များအဖွဲ့နှင့် AMI တို့သည် မိုင်းဝေဒနာရှင်များကို ထိုင်းနိုင်ငံဆေးရုံများသို့ ပို့ဆောင်ပေးလျက်ရှိသည်။ ထိုဆေးရုံများတွင် ခွဲစိတ်ကုသမှုနှင့် နောက်ဆက်တွဲဆေးဝါးကုသမှုအတွက် လူနာတဦးကို ဘတ်ငွေ ၂၀၀၀၀ (အမေရိကန်ဒေါ်လာ ၄၅၅ ဒေါ်လာ)မျှ ကုန်ကျသည်။ ဒုက္ခသည်စခန်းကို မဝင်နိုင်ပဲ မဲဆောက်ကိုလက်လှမ်းမှီသော မိုင်းဝေဒနာရှင်များကို မယ်တော်ဆေးခန်းကလည်း ဆေးရုံတင်ပေးလျက်ရှိသည်။ လူနာတဦးကို ဘတ် ၅၀၀၀ နှုံးသာ မယ်တော် ဆေးခန်းက ထောက်ပံ့ပေးနိုင်သဖြင့် ကျန် ၁၅၀၀၀ ဘတ်ကို လူနာရှင်၏မိသားစု အဖွဲ့ဝင်များက ရှာဖွေကြရသည်။ မိုင်းဝေဒနာရှင်များအတွက် ကုန်ကျစရိပ်များကို ပိုမို တာဝန်ယူပေးနိုင်ရန်အတွက် အထူးရံပုံငွေတရပ် တည်ထောင်နိုင်ရေး အကူအညီတောင်းခံလျက်ရှိသည်။[၄၉]

---

[၄၉] မယ်တော်ဆေးခန်းမှ ဒေါက်တာ စင်သီယာမောင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ မဲဆောက်၊ ထိုင်းနိုင်ငံ၊ ဧပြီလ ၁၆ ရက်၊ ၂၀၀၁ခုနှစ်။